# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်

# ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ

**(၂၀၂၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်–၆)**

**၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်**

**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ ၂၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၁ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့မှ ၂၀၂၂ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့ အထိ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် –

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ အမျိုးသားညီညွတ်ရေးအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) အစိုးရဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရက ပြည်ထောင်စု အတွက်

ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုဝန်ကြီးဌာနများ ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံ သည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်း များကိုဆိုသည်။

## အခန်း (၂)

## ကောက်ခံရန်အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေး နှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

## အခန်း (၃)

## အခွန်နှုန်းများ သတ်မှတ်ခြင်း နှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဥ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ အစိုးရသည် ဤဥပဒေပါ အခွန်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းတို့ကို ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေး အတွက် တင်သွင်းရမည်။

၆။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနသည် အခွန်အကောက် ကောက်ခံရရှိမှု စာရင်းကို စုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ အစိုးရအဖွဲ့သည် ဤဥပဒေ၏ဇယား(၁)ပါ ပြည်ထောင်စု၏ အခွန် အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ်ကောက်ခံရရှိမှု အခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)

## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန် နှင့် ရတနာခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အကူအညီကိုရယူနိုင်သည်။

## အခန်း(၅)

## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

### အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများ

(က) အောက်ဖော်ပြပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများ အတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး သို့မဟုတ် စီမံကိန်း၊ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ် အနက်များရာ တန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက တန်ဖိုးသတ်မှတ်ရာတွင် အလားတူအထူးကုန်စည်အတွက် ပြည်ပမှတင်သွင်း ရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်း ကောင်း -

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၇၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၀ ကျပ် |

| | | | |
|---|---|---|---|
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၇၀၁ ကျပ် မှ ၉၀၀ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၉ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၉၀၁ ကျပ် မှ ၁၁၀၀ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၄ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၁၀၁ ကျပ် နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၇ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၁ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |

| | | | |
|---|---|---|---|
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၀၀ ကျပ်မှ ၁၂၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၀ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၂၀၁ ကျပ်မှ ၂၃၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၀ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၃၀၁ ကျပ်မှ ၃၄၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၅၅ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၄၀၁ ကျပ်မှ ၄၆၀၀ ကျပ် အထိ တဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၀၀ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၆၀၁ ကျပ်မှ ၅၈၀၀ ကျပ် အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၅၆၀ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၈၀၁ | တစ်လီတာ |

| | | | |
|---|---|---|---|
| | | ကျပ်မှ ၇၀၀၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | ၁၉၂၀ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ် မှ ၈၂၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၈၀ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၂၀၁ ကျပ်မှ ၉၄၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၄၀ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၄၀၁ ကျပ် မှ ၁၀၆၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၀၀၀ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၀၆၀၁ ကျပ် မှ ၁၁၈၀၀ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၃၆၀ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၁၈၀၁ ကျပ် မှ ၁၃၀၀၀ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၇၂၀ ကျပ် |

| | | | |
|---|---|---|---|
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၃၀၀၁ ကျပ် မှ ကျပ် ၁၄၂၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၂၃၀ ကျပ် |
| | (ငှ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၄၂၀၁ ကျပ် မှ ကျပ် ၁၅၄၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၆၁၀ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၅၄၀၁ ကျပ် နှင့် အထက်အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁ ကျပ်မှ ၈၅၀ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၉၂ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၈၅၁ ကျပ် မှ ၁၆၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၀ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၀၁ ကျပ်မှ ၂၃၅၀ ကျပ် အထိ | တစ်လီတာ |

| | | | |
|---|---|---|---|
| | | အဆင့်ဖြစ်လျှင် | ၄၆၅ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၃၅၁ ကျပ် မှ ၃၁၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၅၃ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၁၀၁ ကျပ်မှ ၃၈၅၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၃၉ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၈၅၁ ကျပ် မှ ၄၆၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၂၅ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၆၀၁ ကျပ်မှ ၆၁၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၀၄ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၁၀၁ ကျပ် မှ ကျပ် ၇၆၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၆၇၆ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၆၀၁ ကျပ်မှ ၉၁၀၀ ကျပ် အထိ | တစ်လီတာ ၂၀၄၉ ကျပ် |

| | | | |
|---|---|---|---|
| | | အဆင့်ဖြစ်လျှင် | |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၁၀၁ ကျပ်မှ ၁၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၂၁ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၅၀၁ ကျပ်မှ ၁၃၆၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၇၉ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၆၀၁ ကျပ်မှ ၁၆၆၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၂၄ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၆၀၁ ကျပ်နှင့် အထက် အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) ၁၅၀၁ CC မှ ၂၀၀၀ CCအထိဗင်ကားများ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ | | ၁၀ ရာခိုင်နှုန်း |

| | | | |
|---|---|---|---|
| | ကူပေး (Coupe) ကားများ (Double Cab 4 Door Pickupနှင့် လျှပ်စစ် ကားများမပါ)။ | | |
| | (ခ) ၂၀၀၁ CC မှ ၄၀၀၀ CC အထိ လျှပ်စစ် ကားများ၊ဗင်ကားများ၊ ဆလွန်း၊ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ ကူပေး (Coupe) ကားများ (Double Cab 4 Door Pickup ကားများမပါ)။ | | လျှပ်စစ်ကားများ ဖြစ်ပါက ၁၅ ရာခိုင်နှုန်း၊ အခြားကားများ ဖြစ်ပါက ၃၀ ရာခိုင်နှုန်း |
| | (ဂ) ၄၀၀၁ CC နှင့် အထက် လျှပ်စစ် ကားများ၊ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate | | လျှပ်စစ်ကားများ ဖြစ်ပါက ၂၅ ရာခိုင်နှုန်း၊ အခြားကားများ ဖြစ်ပါက ၅၀ ရာခိုင်နှုန်း |

| | | | |
|---|---|---|---|
| | Wagon) ကားများ၊ ကူပေး (Coupe) ကားများ (Double Cab 4 Door Pickup ကားများ မပါ)။ | | |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဥ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်း ထားသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ ထက် မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည်

အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)

## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ Coronavirus Disease 2019 (COVID–19) ကပ်ရောဂါနှင့် တရားမဝင် အာဏာသိမ်း အကြမ်းဖက် စစ်ကောင်စီတို့ကြောင့် အကြပ်အတည်းများ ရင်ဆိုင်နေရသည့် ပြည်သူလူထု၏ အခက်အခဲများ သက်သာစေရန်အလို့ငှာ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

## အခန်း (၇)

## ဝင်ငွေခွန်

၁၅။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၁၂ဝ သိန်း အထိရရှိသူဖြစ်လျှင် မည်သူကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ် ချက်များနှင့်အညီ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၁၂ဝ သိန်း အထက်ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) Coronavirus Disease 2019 (COVID–19) ကပ်ရောဂါနှင့် တရားမဝင် အာဏာသိမ်း အကြမ်းဖက် စစ်ကောင်စီတို့ကြောင့် အကြပ်အတည်းများ ရင်ဆိုင်နေရသည့် ပြည်သူ လူထု၏ အခက်အခဲများ သက်သာစေရန်၊ ဆိုးကျိုးများခံစားနေရသည့် စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေး မြှင့်တင်ရန် အလို့ငှာ လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၁၂ဝ သိန်း အထက် ရရှိသူဖြစ်လျှင် သို့မဟုတ်

အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေး လုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် အခွန်နှုန်းများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၂၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၅၀,၀၀၀,၀၀၁ နှင့် အထက် | | ၁၅ ရာခိုင်နှုန်း |

(ဃ) မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြား စည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံ စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင်

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမ အသင်းများဖြစ်ပါက အခွန်ထမ်း အမျိုးအစား အလိုက် သီခြားသတ်မှတ်ပေးထားသော အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့် များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ(ဂ) ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ဝန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၁၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂) အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၂၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၂၀သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ။

၁၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ပြည်ပနေ နိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင် ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၁၉။ (က) Coronavirus Disease 2019 (COVID-19) ကပ်ရောဂါနှင့် တရားမဝင် အာဏာသိမ်း အကြမ်းဖက် စစ်ကောင်စီတို့ကြောင့် ဆိုးကျိုးများခံစားနေရသည့် စီးပွားရေးလုပ်ငန်း များနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန် အလို့ငှာ အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ပုဒ်မ ၆-က အရ သက်သာခွင့်များ ကိုသာ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရ မည်။

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက် ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်း တည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) Coronavirus Disease 2019 (COVID-19) ကပ်ရောဂါနှင့် တရားမဝင် အာဏာသိမ်း အကြမ်းဖက် စစ်ကောင်စီတို့ကြောင့် ဆိုးကျိုးများ ခံစားနေရသည့် စီးပွားရေးလုပ်ငန်း များနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန် အလို့ငှာ အခြေခံသမဝါယမ အသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၀။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ၆ နှင့် ပုဒ်မ ၆-က တို့အရ သက်သာခွင့် များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစဉ်ခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၂။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က တို့အရ သက်သာခွင့်များ နှုတ်ပယ်ခြင်း မပြုဘဲ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင် သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| | **မြတ်စွန်းငွေ** | **ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း** |
|---|---|---|
| (၁) | ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) | ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) | ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင် သောကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်

ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေး အမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၃။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ်အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုး စုစုပေါင်းသည် ကျပ်သိန်း ၂၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်မကျသင့်စေရ။

၂၄။ Coronavirus Disease 2019 (COVID-19) ကပ်ရောဂါနှင့် တရားမဝင် အာဏာသိမ်း အကြမ်းဖက် စစ်ကောင်စီတို့ကြောင့် ဆိုးကျိုးများ ခံစားနေရသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည် တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ သဘာဝသယံဇာတ အရင်းအမြစ်များမှ ထုတ်ယူသည့် လုပ်ငန်းများမှအပ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၂၀၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၅။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင် ရမည်။

၂၆။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရရှိမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ် အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်း ဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရရှိမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အောင်လံလွှင့်ချီ နွေဦးထီဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့် ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသော ငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြုနိုင်သည် -

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန် ကိစ္စရပ်များ။

၂၇။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း(၈)

## ရတနာခွန်

၂၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဖေယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ် အခြေပြု၍ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာ တန်ဖိုးအပေါ်တွင်လည်းကောင်း ယင်းတို့ နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန် ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သက်ဆိုင်ရာဘဏ္ဍာစာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် -

| **စဉ်** | **ကျောက်မျက်ရတနာအမျိုးအစား** | **အခွန်နှုန်း** |
|---|---|---|
| ၁ | စိန်နှင့်မြမှ အပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ စိန်နှင့် မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာ အချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၂ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

**အခန်း (၉)**

**အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ**

၂၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) အောင်လံလွှင့်ချီ နွေဦးထီ၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လည်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဍ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ဎ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်

ခေတ်အားခ၊

(ဒ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံ ရရှိသည့် အခွန်၊

## အခန်း (၁၀)

## အထွေထွေ

၃၀။ အစိုးရသည် အခွန်ထမ်းပြည်သူများ လိုလားစွာ ပေးဆောင်သည့် အခွန် ဘဏ္ဍာငွေများကို တရားမဝင် အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီနှင့် Covid-19 ကပ်ဘေးတို့ကြောင့် ပြည်သူ လူထုအပေါ် ဆိုးရွားစွာ သက်ရောက် လျက်ရှိသည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုကယ်ဆယ်ရေး၊ သက်ကြီးရွယ်အို ကလေးသူငယ် စောင့်ရှောက်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အသုံးစရိတ်များ အတွက် ဦးစားပေးသုံးစွဲရမည်။

၃၁။ အစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့် ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၂။ အစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန် လည်းကောင်း နိုင်ငံတော်မှ ပါဝင် လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်း

နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကိုဆောင်ရွက်ပေးခြင်း၊

၃၃။ (က) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနသည် အခွန်ပေးဆောင် ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်း၊ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနသည် အခွန်စနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က)ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ သာမန်အသုံးစရိတ်အဖြစ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်း၊ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ)ပါ အသုံးစရိတ် များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲ နိုင်သည်။

၃၄။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့်

အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သ၍ ဆက်လက်ကျင့်သုံးနိုင်သည်။

**ဇယား (၁)**

## ပြည်ထောင်စု၏ အခွန်များကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၂၂ ခန့်မှန်းခြေ |
|---|---|---|
| ၁ | ကုန်သွယ်လုပ်ငန်းခွန် | ၀ |
| ၂ | အထူးကုန်စည်ခွန် | ၄၁၅,၀၈၂ |
| ၃ | ရတနာခွန် | ၁,၁၅၅ |
| ၄ | အောင်လံလွှင့်ချီ နွေဦးထီခွန် | ၁၀၁,၄၄၀ |
| ၅ | ဝင်ငွေခွန် | ၉၂၆,၂၂၈ |
| | **စုစုပေါင်း** | **၁,၄၄၃,၉၀၅** |

---

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။